UNHCR
The UN Refugee Agency

# THAILAND

28 March – 17 April 2016

# MEDIA MONITORING REPORT # 145

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလမ်းညွှန်မှုပြုနိုင်ရန်အတွက် NCAအဖွဲ့များမှအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း

The Irrawaddy, 28 March 2016

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်( NCA )ကိုလက်မှတ်ရေးထိုးထားသည့်အဖွဲ့များသည်လာမည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အစိုးရနှင့်အတူငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်ညှိနှိုင်းပြောဆိုရန်အတွက်အဖွဲ့သစ်တစ်ဖွဲ့ကိုဖွဲ့စည်းလိုက်သည်။

ယခင်ဦးသိန်းစိန်အစိုးရနှင့်အတူ(NCA) ကိုလက်မှတ်ရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့သည်ထိုင်းနိုင်ငံ၊ချင်းမိုင်မြို့၌ညီလာခံတစ်ရပ်ကျင်းပပြုလုပ်ကာတွေ့ဆုံဆွေးနွေးခဲ့ပြီး“တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများငြိမ်းချမ်းရေးဦးဆောင်အဖွဲ့(EAO PPST) ”ကိုစနေနေ့တွင်ဖွဲ့စည်းလိုက်သည်။အဖွဲ့အစည်း၏ရည်ရွယ်ချက်မှာအနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ချိန်အတွင်းအပစ်ရပ်(၈)ဖွဲ့အတွက်နိုင်ငံရေးအရဦးဆောင်ပေးနိုင်ရန်ဖြစ်သည်။



အဖွဲ့ခေါင်းဆောင်အဖြစ်ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးကဆောင်ရွက်မည်ဖြစ်ပြီးအဖွဲ့ခေါင်းဆောင်(၂)အဖြစ်ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှဒုဗိုလ်ချုပ်ကြီးရွက်ဆစ်ကဆောင်ရွက်မည်ဖြစ်ကာကျန်အဖွဲ့ဝင်များမှအသင်းဝင်များအဖြစ်ပါ ဝင်ကြမည်ဖြစ်သည်။

**Link:** http://www.irrawaddy.com/burma/nca-signatories-form-team-to-steer-future-peace-process.html

### အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်စစ်ဆေးရေးကော်မတီမှလုပ်ပိုင်ခွင့်ထပ်တိုး

Irrawaddy News, 1 April 2016

မြန်မာတပ်မတော်နှင့်NCA လက်မှတ်ရေးထိုးခဲ့သည့်တိုင်းရင်းသားလက်နက်ကိုင်များသည် ၂၀၁၅ ခုနှစ်၊နိုဝင်ဘာလတွင်(JMC)စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍စာချုပ်တွင်ပါရှိသည့်အပစ်ရပ်နေရာများအားအနီးကပ်စောင့်ကြည့်စစ်ဆေးခဲ့သည်၊အပစ်ရပ်စာချုပ်ကိုအောက်တိုဘာလ၌အစိုးရနှင့်အစိုးရမဟုတ်သည့်တိုင်းပြည်၌ရှိသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဆယ်ကျော်ထဲမှအဖွဲ့(၈)ဖွဲ့ကလက်မှတ်ရေးထိုးခဲ့သည်။

JMC သို့တိုင်ကြားမှုများတွင်လုယက်မှုအများအပြားနှင့်ပစ်ခတ်မှုအချို့ပါဝင်ပြီးအများစုမှာမြန်မာစစ်တပ်မှတိုင်းရင်းသာလက်နက်ကိုင်များနှင့်ပတ်သတ်၍တိုင်ကြားခြင်းဖြစ်ပြီးနှစ်ဖက်အပြန်အလှန်တိုင်ကြားခြင်းဖြစ်သည်ဟုယခင်အစိုးရကျောထောက်နောက်ခံပြုထားသည့်မြန်မာ့ငြိမ်းချမ်းရေးစင်တာ(MPC)မှဝန်ထမ်းများ၏ပြောကြားချက်အရသိရှိရသည်။ဒေသခံများမှလည်းနှစ်ဖက်စလုံးအားတိုင်ကြားမှုအချို့ရှိခဲ့သည်။



MPC ပံ့ပိုးပေးမှုများရရှိသည့်ဌာနတစ်ခုဖြစ်သောအပစ်အခတ်ရပ်စဲရေးစေ့စပ်ညှိနှိုင်းရေးနှင့်အကောင်အထည်ဖော်ရေးမှညွှန်ကြားရေးမှူးဖြစ်သည့် JMC ပြည်ထောင်စုအဆင့်အဖွဲ့ဝင်(၂၆)ဦးတွင်လည်းတစ်ဦးအပါအဝင်ဖြစ်သူဒေါက်တာမင်းဇော်ဦးမှ JMC သည်တိုင်ကြားမှုပေါင်းများစွာကိုဖြေရှင်းနိုင်ခဲ့သော်လည်းပြဿနာများကိုရှေ့လျှောက်ဖြေရှင်းရာတွင်ဘက်မလိုက်သောနည်းလမ်းများဖြင့်ပံ့ပိုးကူညီဖြေရှင်းရန်အတွက်တာဝန်နှင့်လုပ်ပိုင်ခွင့်များ(ToRs)ရေးဆွဲရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။

ယခင်ဦးသိန်းစိန်အစိုးရတည်ထောင်ခဲ့သော(MPC)အားမကြာမီပိတ်သိမ်းရတော့မည်ဖြစ်သည့်အားလျော်စွာJMCဝန်ထမ်းများသည်၎င်းတို့၏လုပ်ငန်းဆောင်တာများကိုနောက်ထပ်သုံးလဆက်လက်လုပ်ကိုင်မည်ဖြစ်ပြီးမြန်မာနိုင်ငံသည်အမျိုးသားခေါင်းဆောင်သစ်ပြန်လည်စတင်ဖွဲ့စည်းသောကြောင့်ထိုကြားဖြတ်ကာလတွင်၎င်းတို့၏လုပ်ပိုင်ခွင့်ကိုတိုးသွားမည်ဖြစ်သည်။

နောက်ထပ်နှစ်နေရာဖြစ်သည့်မွန်ပြည်နှင့်ကရင်ပြည်နယ်တို့တွင်(JMCs)အားဖွဲ့စည်းမည်ဖြစ်ပြီး(KNU)လှုပ်ရှားသွားလာသည့်နေရာများတွင်လည်းလုပ်ဆောင်သွားမည်ဖြစ်သည်။

**Link:** http://www.irrawaddy.com/burma/joint-ceasefire-monitoring-committee-to-extend-mandate.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### ဦးထင်ကျော်မှသမ္မတအဖြစ်ကတိသစ္စာပြု

Myanmar Times, 30 March 2016

ယနေ့နံနက်တွင်လွှတ်တော်၌ဦးထင်ကျော်မှသမ္မတအဖြစ်ကျိန်သစ္စာဆိုပြီးနောက်နှစ်ပေါင်း၅၄နှစ်အတွင်းစစ်တပ်ကျောထောက်နောက်ခံမဟုတ်သည့်မြန်မာနိုင်ငံ၏ပထမဦးဆုံးရွေးကောက်ခံသမ္မတဖြစ်လာသည်။သူ၏မိန့်ခွန်းပြောကြားမှုကိုနိုင်ငံတဝှမ်းရှိရုပ်မြင်သံကြားများတွင်ထုတ်လွှင့်ပြသခဲ့ပြီးသမ္မတမှစိတ်ရှည်လက်ရှည်ရှိကြရန်မေတ္တာရပ်ခံခဲ့သည်။



ပြည်ထောင်စုလွှတ်တော်တွင်ဒုတိယသမ္မတနှစ်ဦးဖြစ်သည့်ယခင်ကဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူဦးမြင့်ဆွေနှင့်တိုင်းရင်းသားချင်းခရိယာန်တစ်ဦးဖြစ်သူဦးဟင်နရီဗန်ထီးယူတို့နှင့်အတူကျမ်းသစ္စာဆိုခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီစံချိန်စံညွှန်းနှင့်ကိုက်ညီသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်လာရေးအတွက်ဆောင်ရွက်ရမည့်တာဝန်ရှိပြီး

နိုင်ငံရေးမျှော်မှန်းချက်အကောင်အထည်ပေါ်လာဖို့အတွက်စိတ်ရှည်သည်းခံပြီးဆောင်ရွက်သွားရမည်ကိုနားလည်ထားကြောင်းနိုင်ငံတော်သမ္မတဦးထင်ကျော်ကပထမဦးဆုံးတိုင်းပြည်ကိုပြောကြားသည့်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားလိုက်သည်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးအောင်မြင်မှုများရရှိရန်အတွက်အစိုးရမှကြိုးစားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိပြည်သူလူထုအားသစ္စာစောင့်သိမည်ဖြစ်ကြောင်းသမ္မတနှင့်ဒုသမ္မတများမှကတိပေးခဲ့သည်။

**Link:** [www.mmtimes.com/index.php/national-news/19729-u-htin-kyaw-takNCA Signatories Form Team to Steer Future Peace Processes-oath-of-office.html](www.mmtimes.com/index.php/national-news/19729-u-htin-kyaw-takNCA Signatories Form Team to Steer Future Peace Processes-oath-of-office.html)

## <u>မြန်မာအစိုးရမှနိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက်လုပ်ရှားသူ(၂၀၀)ယောက်နီးပါးအားအရေးမယူ</u>

The Guardian, 10 April 2016

ဒေါ်အောင်ဆန်းစုကြည်သည်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက်လုပ်ရှားသူများ၏လွှတ်လပ်မှုအတွက်ကြိုးပမ်းလုပ်ဆောင်သွားမည်ဟုကတိတည်ဝန်ခံမှုပေးခဲ့သည့်အပေါ်မြန်မာဏာပိုင်များမှနိုင်ငံရေးလုပ်ရှားသူ(၂၀၀) ယောက်နီးပါးကိုအရေးယူမှုမပြုတော့ပါ  ကြောင်းအဆင့်မြှင့်ရဲအရာရှိတစ်ဦးကဆိုသည်။



မြန်မာအကျဉ်းသားများလွှတ်မြောက်ရေးအတွက်စုကြည်မှအစိုးရနှင့်တကွပူးပေါင်းဆောင်ရွက်ရန်ထုတ်ပြန်ကြေငြာပြီးနောက်၄င်းနိုင်ငံရေးလုပ်ရှားသူများအားလွန်ခဲ့သောသောကြာနေ့တွင်လွှတ်ပေးခဲ့သည်။

လွှတ်မြောက်လာသောအကျဉ်သားများထဲတွင်သာယာဝတီမှနိုင်ငံရေးလှုပ်ရှားမှုကျောင်းသားများလည်းပါ  သည်။၄င်းကျောင်းသူကျောင်းသားများသည်လွန်ခဲ့သည့်(၂၀၁၅)ခုနှစ်မတ်လတွင်ပညာရေးနှင့်ပတ်သက်ပြီးဆန္ဒပြခဲ့သည့်အပေါ်တစ်နှစ်ကျော်အကျဉ်းချခံခဲ့ရသည်။

**Link:** [http://www.theguardian.com/world/2016/apr/10/myanmar-drops-charges-against-nearly-200-political-activists](http://www.theguardian.com/world/2016/apr/10/myanmar-drops-charges-against-nearly-200-political-activists)

## <u>မြန်မာသမ္မတဦးထင်ကျော်မှနိုင်ငံရေးအကျဉ်းသားများကိုထပ်မံလွှတ်ငြိမ်းချမ်းသာခွင့်ပေး</u>

ABC News, 17 April 2016

စစ်အစိုးရမှချုပ်နှောင်ခြင်းဆိုင်ရာဥပဒေနှင့်ပတ်သက်ပြီးလူထုအစိုးရမှပယ်ဖျက်ရန်ကြိုးပမ်းနေသည့်အပေါ်နိုင်ငံတော်၏နှစ်သစ်ကူးနေ့တွင်မြန်မာသမတ္တဦးထင်ကျော်မှနိုင်ငံရေးအကျဉ်းသားများလွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟုလူသားခြင်းစာနာထောက်ထားမှုဆိုင်ရာစောင့်ကြည့်လေ့လာသူအဆင့်မြှင့်တစ်ဦးကဆိုသည်။



လွန်ခဲ့သည့်စနေနေ့တွင်သမ္မတရေးထိုးခဲ့သည့်ညွှန်ကြားချက်၌နိုင်ငံရေးအကျဉ်းသား(၈၃)ဦးကိုလွတ်ငြိမ်းခွင့်ပေးခြင်းဖြင့်အမျိုးသားပြန်သင့်မြတ်ရေးနှင့်စိတ်ချမ်းသာခွင့်ရရှိနိုင်မှုကိုရည်ရွယ်ထားခြင်းဖြစ်သည်။

ဒီမိုကရေစီရရှိရေးကိုကြိုးပမ်းလှုပ်ရှားလာခဲ့သောဒေါ်အောင်ဆန်းကြည်ဦးဆောင်သည့်အစိုးရသစ်မှစစ်အစိုးရလက်အောက်၌အ ကျဉ်းချခံခဲ့ရသည့်နိုင်ငံရေးလုပ်ရှားသူများလွတ်ငြိမ်းချမ်းသာခွင့်ပေးရန်အဓိကဆောင်ရွက်သွားမည်ဟုကတိပေးခဲ့သည်။

**Link:** http://www.abc.net.au/news/2016-04-17/myanmar-president-pardons-more-political-prisoners-journalists/7333222

### အောင်ဆန်းစုကြည်အားနိုင်ငံတော်အကြံပေးပုဂ္ဂိုလ်အဖြစ်ရာထူးခန့်ထား

Xinhua, 6 April 2016

မြန်မာနိုင်ငံ၏နိုင်ငံခြားရေးဝန်ကြီးဖြစ်သောဒေါ်အောင်ဆန်းစုကြည်အားနိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ်ရာထူးအဖြစ်သမ္မတရုံးရှိပြောရေးဆိုခွင့်ရှိသူဦးဇော်ဌေးကပြောသည်။




အကြံပေးပုဂ္ဂိုလ်ဆိုင်ရာဥပဒေကိုတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်မှမဲမပေးကန့်ကွက်ခဲ့သော်လည်းထောက်ခံသည့်မဲကများနေသောကြောင့်အထက်လွှတ်တော်နှင့်အောက်လွှတ်တော်မှယင်းဥပဒေကြမ်းကိုအတည်ပြုခဲ့ပြီးသမ္မတဦးထင်ကျော်လက်ကမှတ်ရေးထိုးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်ရာထူးကိုပေးအပ်ရန်၎င်းနိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကိုလွန်ခဲ့သည့်ကြာသပတေးနေ့တွင်အထက်လွှတ်တော်သို့အလျင်စလိုတင်ပြလာခဲ့ပြီးထောက်ခံမဲ(၁၃၇)မဲနှင့်ကန့်ကွက်မဲ(၆၈)မဲရရှိသောကြောင့်အတည်ပြုခဲ့ရသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်သည်နိုင်ငံအတွင်း၌ပါ  တီစုံဒီမိုကရေစီကျင့်သုံးခြင်း၊ကုမ္ပဏီနှင့်ကုန်ပစ္စည်းဈေးနှုန်းသည်အစိုးရ၏စီစဉ်မှုအောက်၌မရှိသောစီးပွါးရေးစနစ်ကိုကျင့်သုံးခြင်း၊ဖယ်ဒရယ်ပြည်ထောင်စုဖြစ်မြောက်ရေး၊ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးများရရှိစေရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

**Link:** http://news.xinhuanet.com/english/2016-04/06/c_135256048.htm

## သန်းခေါင်စာရင်းနှင့်ရွေးကောက်ပွဲ

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သစ်အားလွှတ်တော်မှအတည်ပြု

Xinhua, 28 March 2016

တနင်္လာနေ့၌မြန်မာ့ပြည်ထောင်စုလွှတ်တော်သည်နောင်ငါးနှစ်အကြာတွင်နောက်ထပ်ပြုလုပ်မည့်အထွေထွေရွေးကောက်ပွဲကိစ္စရပ်များကိုကိုင်တွယ်ဆောင်ရွက်ရန်အတွက်အဖွဲ့ဝင်(၅)ဦးပါ  ဝင်သည့်ပြည်ထောင်စုမြန်မာ့ရွေးကောက်ပွဲကော်မရှင်သစ်တစ်ရပ်ကိုအတည်ပြုလိုက်သည်။




ရွေးကောက်ခံသမ္မတဦးထင်ကျော်အဆိုပြုတင်သွင်းခဲ့သည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သစ်တွင်ကော်မရှင်ဥက္ကဋ္ဌအဖြစ်ဦးလှသိန်း၊ကော်မရှင်အဖွဲ့ဝင်များအဖြစ်ဦးအောင်မြင့်၊ဦးစိုးရယ်၊ဦးထွန်းခင်နှင့်ဦးလှတင့်စုစုပေါင်း(၅)ဦးဖြင့်ဖွဲ့စည်းခြင်းကိုလွှတ်တော်မှသဘောတူကြောင်းကြေငြာခဲ့သည်။

၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက်ပြီးခဲ့သည့်နှစ်ကဦးတင်အေးဦးဆောင်သည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုဦးသိန်းစိန်အစိုးရကဖွဲ့စည်းပေးခဲ့သည်။၂၀၁၅ခုနှစ်၊နိုဝင်ဘာလ(၈)ရက်နေ့အထွေထွေရွေးကောက်ပွဲပြီးနောက်သမ္မတရွေးချယ်တင်မြှောက်ပွဲတွင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှဦးထင်ကျော်သည်သမ္မတအဖြစ်အနိုင်ရခဲ့ပြီးတပ်မတော်ဘက်မှတင်သွင်းသည့်ဦးမြင့်ဆွေသည်ဒုတိယသမ္မတ(၁)ဖြစ်လာပြီး NLD မှဦးဟင်နရီဗန်ထီးယူကဒုတိသမ္မတ(၂)ဖြစ်လာခဲ့သည်။

**Link:** http://news.xinhuanet.com/english/2016-03/28/c_135229735.htm

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

UNHCR The UN Refugee Agency